ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

8.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဥ်စစ်ရေးသတင်း အကျဥ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၃) ဦး	စုံစမ်းဆဲ

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်ပြည်နယ်

ဧပြီ(၅)ရက်နေ့နံနက်ပိုင်းချိန်မှစ၍ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်ဒေသရှိ ဒုစရိုက်လုပ်ငန်းများ၊ မာဖီယားဂိုဏ်းများနှင့်မူယစ်ဆေးဝါးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ရန်သူ့လက်အောက်ခံ BGF ထိန်းချုပ်ထားသည့် ရွှေကုက္ကိုလ်ဒေသ၊ ထီးဝါးပလော၊ ထီးကော်ထောကျေးရွာများအတွင်း တပ်စွဲနေရာယူထားသော ရန်သူ့တပ်၊BGFစခန်းများကို ဗိုလ်အယ်ဆေးဝါး ဦးဆောင်သည့် Lion Battalion ဗျူဟာစစ်ကြောင်းနှင့် တော်လှန်ရေး ပူးပေါင်းတပ်များက ဗျူဟာမြောက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်နှင့် BGF တပ်များ၏ စခန်းကုန်း (၅)ကုန်းကို သိမ်းပိုက်ရရှိခဲ့သည်။ မြဝတီမြို့နယ်၊ မဲပလဲ့အခြေစိုက် BGF ၁၀၁၇ တပ်ရင်း တပ်ရင်းမှူး ဗိုလ်မှူးဒီးဒီ (စောချစ်သူ၏ လက်ရုံး) အပါအဝင် ရန်သူ့တပ်နှင့် BGF ဘက်မှ သေဆုံးသူ (၈၅)ဦး၊ ဒဏ်ရာရရှိသူ (၆၀)ဦးကျော် ရှိပြီး လက်နက် (၇၅)လက် သိမ်းဆည်း ရရှိ ခဲ့ကာ ပြည်သူ့တော်လှန်ရေးတပ်ဖွဲ့များဘက်မှလည်း ကျဆုံးထိခိုက်မှုများရှိခဲ့သည်။

ချင်းပြည်နယ်

ဧပြီလ(၇)ရက်နေ့က ချင်း-မကွေး နယ်စပ်တွင် ရန်သူ့တပ်နှင့် CDF-Mindat၊ ယောကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ခလရ ၂၇၄(ဒကစ/မင်းတပ်)ဘက်မှ မင်းတပ်မြို့နယ်ကျေးရွာများကို လက်နက်ကြီးဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်နေသဖြင့် လူစုလူဝေးများပြုလုပ်ခြင်း၊ ရိုးရာပွဲသဘင်များ ပြုလုပ်ခြင်းများ ရှောင်ကြဥ်ကြရန် အရေးပေါ် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ကရင်ပြည်နယ်

ဧပြီလ(၆)ရက်နေ့ညပိုင်းချိန်တွင် သံတောင်ကြီးမြို့နယ်၊ ပျားစခန်း ကျေးရွာအတွင်းသို့ ရန်သူ့တပ်က ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်လိုက်သော လက်နက်ကြီး (၄)လုံး ကျရောက် ပေါက်ကွဲသဖြင့် ဒေသခံ အဘွားအို (၁)ဦး သေဆုံးကာ (၅)ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး အဆိုပါ (၅)ဦးအနက် (၃)ဦးသည် စိုးရိမ်ရသည့် အနေအထား ရှိနေကြောင်း သိရသည်။